vic roads

အချက်အလက်စာစောင်

# မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံ အထောက်အထား

## မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံ အထောက်အထား စာရွက်စာတမ်းများ

သင်သည် VicRoads ၌ (ဥပမာ ယာဉ်တစ်စီးကိုမှတ်ပုံတင်ရန် သို့မဟုတ် သင်၏ လိုင်စင်ကိုရရှိရန်) လျှောက်လွှာတင်သည့်အခါတွင် သင်သည် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံအထောက်အထားကို တင်ပြရန်လိုအပ်သည်။ သင့်လျော်မှန်ကန်သော စာရွက်စာတမ်းများမရှိလျှင် သင်သည် လျှောက်လွှာကို ပြီးဖြည့်နိုင်လိမ့်မည်မဟုတ်ပေ။ သင်သည် ကြိုတင်ရက်ချိန်းယူသည့်အခါ၌ မည်သည့် သက်သေခံ အထောက်အထား အတိအကျများအား ယူဆောင်လာရန်လိုအပ်မည်ကို မေးမြန်းရန်သေချာပါစေ။

လိမ်လည်ထားသည် နှင့်/သို့မဟုတ် လှည့်စားထားသည့် အချက်အလက်များ၊ သို့မဟုတ် စာရွက်စာတမ်းများအား တင်ပြခြင်းသည် လေးနက်သောပြစ်မှုတစ်ခုဖြစ်ပြီး နောက်ဆက်ရလဒ်မှာ သင့်အား ဒဏ်တပ်နိုင်သည် သို့မဟုတ် ထောင်ချနိုင်သည်။

## ကျွန်ုပ်မှ မည်သို့သော မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံ စာရွက်စာတမ်းများကို လိုအပ်သနည်း?

မည်သည့်လျှောက်လွှာမျိုးအတွက်မဆို တင်ပြရန် သင်လိုအပ်လိမ့်မည်များမှာ၊

- A အမျိုးအစား စာရွက်စာတမ်း**တစ်ခု** (အောက်ပါစာရင်း၌ကြည့်ပါ)

**နှင့်**

- B အမျိုးအစား စာရွက်စာတမ်း**တစ်ခု** (နောက်စာမျက်နှာ၌ကြည့်ပါ) တို့ဖြစ်ကြသည်။

ဤစာရွက်စာတမ်းများအနက် အနည်းဆုံးတစ်ခု၌ သင်၏ယခုလက်ရှိ ဗစ်က်တိုးရီးယား နေရပ်လိပ်စာပါရှိရမည်။ အကယ်၍ မပါရှိခဲ့လျှင် သင့်အနေနှင့် စာရွက်စာတမ်းအပိုများကို လိုအပ်လိမ့်မည်။

## လက်ခံနိုင်သည့် မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံ စာရွက်စာတမ်းများ

မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံ စာရွက်စာတမ်းများမှာ မူရင်းများဖြစ်ကြရမည်။ မိတ္တူများအား လက်မခံပါ။ အင်္ဂလိပ်စာဖြင့်မဟုတ်သော စာရွက်စာတမ်းများအား အတည်ပြုထားသည့် ဘာသာပြန်ချက်နှင့်အတူ ပူးတွဲတင်ပြရမည်။ နိုင်ငံခြား ဘာသာစကားနှင့်ဖြစ်သော စာရွက်စာတမ်းများအား ကိုင်ဆောင်ထားကြသည့် လျှောက်လွှာရှင်များမှ မိမိတို့၏ကုန်ကျစရိတ်ဖြင့် အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ကြရမည်။

နိုင်ငံခြား ဘာသာစကားနှင့်ဖြစ်သော စာရွက်စာတမ်းများအား ဘာသာပြန်ပေးကြရမည့်သူများမှာ -

- NAATI အသိအမှတ်ပြု (မည်သည့်အဆင့်မဆို) ဘာသာပြန်တစ်ဦး၊ သို့မဟုတ်
- ဩစတြေးလျားနိုင်ငံရှိ ဆီလျော်ရာ ကောင်စစ်ဝန်ရုံးတစ်ရုံး၊ သို့မဟုတ်
- မူရင်းနိုင်ငံမှ တရားဝင်ဘာသာပြန်ဆိုချက်တစ်ခုတို့ဖြစ်ကြသည်။

## A အမျိုးအစား စာရွက်စာတမ်းများ

- (ယခုလက်ရှိ သို့မဟုတ် သက်တမ်းကုန်ဆုံးသွားသည်မှာ နှစ်နှစ်ထက်မကျော်သေးသော) ဩစတြေးလျားနိုင်ငံကူးလက်မှတ်။
- ပြည်ပနိုင်ငံကူးလက်မှတ် (အကယ်၍သင်သည် အမြဲတမ်းဗီဇာ သို့မဟုတ် နေထိုင်ခွင့်ဗီဇာကဲ့သို့သော  အမြဲတမ်းနေထိုင်ခွင့်ဗီဇာ၏ ခိုင်မာသည့် အထောက်အထားပါသော ဆီလျော်ရာ ဩစတြေးလျား စာရွက်စာတမ်းများကို တင်ပြနိုင်လျှင် သက်တမ်းကုန်ဆုံးသွားသည်မှာ နှစ်နှစ်ထက်မကျော်သေးသည့် ပြည်ပနိုင်ငံကူးလက်မှတ်ကို လက်ခံနိုင်ပါသည်)။
- ဩစတြေးလျားနိုင်ငံ မွေးဖွားစာရင်း သို့မဟုတ် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ထိမ်းမြားခြင်းဆိုင်ရာ မှတ်တမ်းရုံးမှ ထုတ်ပေးသည့် အမည်ပြောင်းလဲစာရင်း။ မွေးစာရင်းအကျဉ်းချုပ်နှင့် အထိမ်းအမှတ်မွေးစာရင်းများအား လက်မခံပါ။
- နိုင်ငံကူးလက်မှတ်ရုံးမှထုတ်ပေးသည့် သက်သေခံစာရွက်စာတမ်းတစ်ခု (နော်ဖော့က် ကျွန်းသို့ ခရီးသွားသူများအား ထုတ်ပေးလေ့ရှိသည်)။
- ဩစတြေးလျားနိုင်ငံ ရဲအရာရှိ ဓာတ်ပုံ သက်သေခံ ကတ်ပြား (အရပ်သားဝန်ထမ်းများမပါ)။
- နိုင်ငံခြားရေးရာနှင့် ကုန်သွယ်မှုဌာနမှ ထုတ်ပေးသော ကောင်စစ်ဝန် ဓာတ်ပုံသက်သေခံကတ်ပြား။
- လူဝင်မှုနှင့် နိုင်ငံသားဖြစ်ရေးဌာနမှ သို့မဟုတ် နိုင်ငံကူးလက်မှတ်ရုံးမှ ထုတ်ပေးသည့် ဩစတြေးလျားနိုင်ငံ နိုင်ငံသားခံယူထား စာရွက်စာတမ်း၊ သို့မဟုတ် နိုင်ငံသား စာရွက်စာတမ်း၊ သို့မဟုတ် ဩစတြေးလျားနိုင်ငံသို့ ခရီးသွားရန် စာရွက်စာတမ်း၊ သို့မဟုတ် ဗီဇာအထောက်အထားကတ်ပြား။
- ဩစတြေးလျား ဓာတ်ပုံလိုင်စင် သို့မဟုတ် ခွင့်ပြုစာ (ဓာတ်ပုံလိုင်စင်ဆိုသည်မှာ ဩစတြေးလျား ဓာတ်ပုံ လိုင်စင် သို့မဟုတ် ဓာတ်ပုံပါ ကားမောင်းသင်ခွင့်၊ သို့မဟုတ် ဗစ်က်တိုးရီးယား လှေမောင်းလိုင်စင်၊ သို့မဟုတ် ဗစ်က်တိုးရီးယား သေနတ်လိုင်စင် -၎င်းတို့အနက် မည်သည်တစ်ခုခုမဆိုဖြစ်နိုင်ပြီး ၎င်းမှာ သက်တမ်းရှိနေဆဲဖြစ်ရမည် သို့မဟုတ် သက်တမ်း ကုန်ဆုံးသွားခဲ့သည်မှာ နှစ်နှစ်ထက်မကျော်ရပါ)။
- (၁၄ ဒီဇင်ဘာ ၂၀၀၅ နောက်ပိုင်း၌ NSW RTA မှထုတ်ပေးသည့် ) နယူးဆောက်သ်ဝေးလ်စ် ဓာတ်ပုံကတ်ပြား။

**သို့မဟုတ်**

- VicRoads ထံ၌ရှိသည့် လက်ရှိ ဓာတ်ပုံ ပုံရိပ် တို့ဖြစ်ကြသည်။

## B အမျိုးအစား စာရွက်စာတမ်းများ

အောက်ပါစာရွက်စာတမ်းများအနက်တစ်ခုခုဖြစ်သည်။

- မယ်ဒီကဲ ကတ်ပြား
- အငြိမ်းစားများအတွက် ဈေးနှုန်းလျှော့ပေး ကတ်ပြား
- စစ်မှုထမ်းဟောင်းများရေးရာဌာနကတ်ပြား
- ဗဟိုအစိုးရမှထုတ်ပေးသည့် လောလောဆယ် သက်တမ်းရှိသည့် အကျိုးခံစားခွင့်ကတ်ပြား
- ကျောင်းသားများ သက်သေခံ ကတ်ပြား
- ဘဏ်၊ ဆောက်လုပ်ရေးအသင်း သို့မဟုတ် ငွေချေးအသင်းတစ်ခုခုမှ အကြွေးကတ်ပြား၊ သို့မဟုတ် ဘဏ်စာရင်းကတ်ပြား
- ပြည်နယ် သို့မဟုတ် ဗဟိုအစိုးရအလုပ်သမား၏ ဓာတ်ပုံ သက်သေခံ ကတ်ပြား
- အသက်အရွယ် အထောက်အထား ကတ်ပြား၊ Keypass ကတ်ပြား
- ဩစတြေးလျားနိုင်ငံတော် ကာကွယ်ရေးတပ် ဓာတ်ပုံ သက်သေခံ ကတ်ပြား (အရပ်သားဝန်ထမ်းများမပါ)

### သို့မဟုတ်

ယခုလက်ရှိ သို့မဟုတ် သက်တမ်းမှာ တစ်နှစ်ထက် မကျော်သေးသည့် ဤစာရွက်စာတမ်းများတစ်ခုခု -

- ဘဏ်ငွေစုစာအုပ် သို့မဟုတ် ဘဏ်စာရင်းရှင်းတမ်း
- တယ်လီဖုန်း၊ ဓာတ်ငွေ့ သို့မဟုတ် လျှပ်စစ်ဓာတ်မီး ကျသင့်ငွေတောင်းခံလွှာ

### သို့မဟုတ်

ယခုလက်ရှိ သို့မဟုတ် သက်တမ်းမှာ နှစ်နှစ်ထက် မကျော်သေးသည့် ဤစာရွက်စာတမ်းများ တစ်ခုခု

- မဲစာရင်းသွင်း ကတ်ပြား
- တပ်မတော်အဖွဲ့အစည်းများမှ ထွက်ခွာစာများ
- ဗစ်က်တိုးရီးယား ဝန်ဆောင်မှုရယူသူများဆိုင်ရာဌာနမှ ထုတ်ပေးသော ယခုလက်ရှိ အသက်အရွယ် အထောက်အထား ကတ်ပြား၊
- ဗစ်က်တိုးရီးယား ယာဉ်မောင်း အာဏာပိုင်မှ ထုတ်ပေးသည့် ယခုလက်ရှိ ဓာတ်ပုံ သက်သေခံ ကတ်ပြား
- ရေခွန်များ
- ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ အခွန်များ
- မြေရာ တန်ဖိုးဖြတ်အကြောင်းကြားစာများတို့ဖြစ်ကြသည်။

## ဗစ်က်တိုးရီးယား၌ နေထိုင်ခြင်း အထောက်အထား

အကယ်၍သင်၏ ဗစ်က်တိုးရီးယား နေရပ်လိပ်စာကို သင်၏ A သို့မဟုတ် B အမျိုးအစား အထောက်အထားစာရွက်စာတမ်းများတွင် **မပြသထားလျှင်** သို့မဟုတ် ၎င်းတို့တွင်ရှိသည့် နေရပ်လိပ်စာနှင့် **ကွာခြားနေလျှင်**၊ သင်သည် အောက်ပါ စာရွက်စာတမ်းများအနက် **တစ်ခု**ကိုလိုအပ်လိမ့်မည်။

- သင်၏ ယခုလက်ရှိ နေရပ်လိပ်စာကို ဖော်ပြထားသော အရောင်းစာချုပ်၊ ငှားရမ်းစာချုပ် သို့မဟုတ် အိမ်ငှားစာချုပ်။
- ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်မှတ်ပုံတင်တစ်ခုကို အသစ်လဲရန်အတွက် ယခုလက်ရှိ အကြောင်းကြားစာ။
- ဩစတြေးလျားနိုင်ငံတော်အခွန်ရုံးမှ အခွန်အကဲဖြတ်စာ (ယမန်နှစ် သို့မဟုတ် ယခုလက်ရှိ ဘဏ္ဍာနှစ်) တို့ဖြစ်ကြသည်။

အကယ်၍သင်သည် သင်၏ ဗစ်က်တိုးရီးယား နေရပ်လိပ်စာ အထောက်အထားကို သက်သေမထူနိုင်သေးလျှင် သင်သည် ထောက်ခံသူတစ်ဦးမှ အောက်ပါများပါရှိသော ထွက်ဆိုချက်တစ်ခုကို တင်ပြရမည်။ ၎င်းတွင် -

- သင့်အား သိကျွမ်းသည်မှာ ၁၂ လ ရှိနေပြီ သို့မဟုတ် ၎င်းထက်ပိုသည်ဟု ဗစ်က်တိုးရီးယား ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူတစ်ဦးမှ လက်မှတ်ရေးထိုးရမည့်အပြင်
- သင်၏အမည်နှင့် လိပ်စာတို့ပါရှိရပြီး
- ထောက်ခံပေးသူ၏ အမည်၊ လိုင်စင်နံပါတ်နှင့် ထိုးမြဲလက်မှတ်တို့ဖြစ်ကြပါသည်။

ဤထွက်ဆိုချက်အား လိုင်စင်လျှောက်လွှာတွင် လုပ်ရမည်ဖြစ်ပြီး ၎င်းကို လျှောက်လွှာလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပြီးဖြည့်ရန်လိုအပ်သည်။

## အမည်ပြောင်းခြင်း၏ အထောက်အထား

အကယ်၍သင်၏ အမည်သည် A သို့မဟုတ် B အမျိုးအစား အထောက်အထား စာရွက်စာတမ်းများတွင် ရှိသည့်အမည်နှင့် **ကွာခြားနေလျှင်**၊ သင်သည် အောက်ပါ စာရွက်စာတမ်းများအနက် **တစ်ခုခု**ကိုလိုအပ်လိမ့်မည်။

- ဩစတြေးလျားနိုင်ငံတော် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ထိမ်းမြားခြင်းဆိုင်ရာ မော်ကွန်းထိန်းတစ်ဦးမှ ထုတ်ပေးသည့် ထိမ်းမြားစာချုပ်
- ပြတ်စဲကွာရှင်းစာများ (ပြန်လည်ပြောင်းလဲသည့်အမည်ကို ပြသထားရမည်)
- (ဗစ်က်တိုးရီးယား၌ နိုဝင်ဘာ ၁၉၈၆ မတိုင်မီ ထုတ်ပေးသည့်) တရားဝင် အမည်ပြောင်းလဲလွှာ
- (ဗစ်က်တိုးရီးယား၌ နိုဝင်ဘာ ၁၉၈၆ နောက်ပိုင်း၌ထုတ်ပေးသည့်) အမည်ပြောင်းလဲ တရားဝင်လက်မှတ်တို့ဖြစ်ကြသည်။

နောက်ထပ်အချက်အလက်များအတွက် **vicroads.vic.gov.au** ၌ကြည့်ပါ သို့မဟုတ် ၁၃ ၁၁ ၇၁ ၌ ဖုန်းဆက်ပါ သို့မဟုတ် VicRoads ဝန်ဆောင်မှုဌာနသို့သွားပါ။

ဤအချက်အလက်စာစောင်၌ဖော်ပြထားသော အချက်အလက်များသည် ပုံနှိပ်သည့်အချိန်တွင် မှန်ကန်ပြီး ပြောင်းလဲမှုရှိကောင်းရှိနိုင်သည်။

VRPIN02900 Evidence of Identity – Burmese Authorised by VicRoads, 60 Denmark Street, Kew, 3101